# အင်္ဂလန်ခရီး မပြီးသေးပါ–၆

အရှင်ဉာဏိက

ဇွန်လ ၃ ရက်၊ ၂၀၀၉



ဂရင်းနစ်မျဉ်းရှိတဲ့ ဂရင်းနစ်ရဲ့ အော်ဘဆဗေတရီ တောင်ကုန်းပေါ်က (Observatory Hill) နေ ခြေလျင်ဆင်းခဲ့တယ်။ တောင်ဆင်းလမ်းဘေးမှာ စနစ်တကျစိုက်ပျိုးထားစ သစ်ပင်များကိုတွေ့ရတော့ သူတို့တွေရဲ့ သစ်ပင်သစ်တော ပြုစုစောင့်ရှောက်မှုကို ချီးကျူးလေးစားမိပါတယ်။ သူတို့ဆီမှာ သစ်တစ်ပင်ရှင်သန်ဖို့ ပိုးမွေးသလို မွေးကြရတာ။ သို့ပေမယ့် ဂရင်းနစ်ဥယျာဉ်ထဲမှာတော့ စနစ်တကျ စိုက်ပျိုးထားတဲ့ သစ်ပင်ကြီးငယ်ပေါင်းစုံတို့နဲ့ စိုပြေစိမ်းလန်းလို့၊ စည်ပင်လှပလို့။ စိမ်းညို့ညို့ သဘာဝတောအုပ်ငယ် တခုအတွင်း ဝင်ရောက်သွားခဲ့ရသလို။ စိမ်းလန်းကျယ်ပြန့်တဲ့ မျက်ခင်းပြင်ပေါ်မှာ ညီညာတဲ့သစ်ပင်တွေဟာ တုန္ဒိုင်းမဲ့အလှတစ်ပါးကို ဖော်ဆောင်နေသည့်အလားပါ။ စိတ်ကိုအေးချမ်းသွားစေလိုက်တာ။ လတ်ဆတ်လန်းဆန်းသွားစေလိုက်တာ။ ခေတ်မီဆန်းပြားတဲ့ နည်းပညာတွေအကူအညီနဲ့ ဘယ်လောက်အံ့သြဖွယ်အရာတွေကို ဖန်တီးပြမှုမျိုးကို တွေ့ရသည်ဖြစ်ပစေ၊ တကယ့်ငြိမ်းချမ်းမှုကို ပေးစွမ်းရာမှာတော့ သဘာဝသစ်ပင်ပန်းမာလ်တို့ရဲ့ စွမ်းအားကို ဘယ်လိုမှ မမှီနိုင်ပါလားလို့လည်း ခံစားနားလည်လိုက်မိတယ်။

ခက်ခက်ခဲခဲ ပြုစုပျိုးထောင်နေစရာ မလိုပဲ လွယ်လင့်တကူ စိုက်ပျိုးနိုင်၊ ရှင်သန်ကြီးထွားနိုင်တဲ့ ရေမြေသဘာဝ သြဇာအလှတွေနဲ့ ပြည့်ဝလှတဲ့ ကိုယ့်ပြည်ကိုယ့်ရွာမှာလည်း ခုလိုစတစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ဥယျာဉ်မျိုးတွေကို တိုင်းနဲ့ပြည်နယ်၊ မြို့ရွာအနှံ့ နေရာတကာ တွေ့ချင်လိုစိတ် ယိုဖိတ်ကာ ဖြစ်မိသား။ သို့ပေမယ့် ကိုယ့်ဆန္ဒတွေက စိတ်ကူးအိပ်မက်ထဲမှာသာ ရှိနေဆဲပါ။ ကိုယ့်ဆီမှာ ခုလိုပဲ စိမ်းလန်းစိုပြေစွာ လှပနေတဲ့ဥယျာဉ်မျိုးက မရှိသလောက်ရှားသား။ မှတ်မှတ်သားသားဆိုရလျှင်ဖြင့် ကိုယ့်ပြည်ကိုယ့်ရွာက ခုလိုဥယျာဉ်မျိုးထဲကို တစ်ခါမှတော့ အပန်းဖြေ လမ်းလျှောက်ခဲ့ရတာမျိုး မရှိခဲ့ဘူးတာ အမှန်ပါ။ ဂရင်းနစ်ဥယျာဉ်တွင်းမှာတော့ ငြိမ်းအေးသက်သာစွာ အနားယူအပန်းဖြေနေသူတွေ၊ ကျန်းမာရေးအတွက် လမ်းလျှောက်နေသူ၊ ပြေးလွှားကစားနေသူတွေကို ဟိုနားဒီနား မြင်နေရတယ်။ အိုး၊ မိတ်ဆွေတို့ရေ။ စိတ်အပန်းလည်း ကင်းပါစေ၊ ရုပ်အနွမ်းလေး ရှင်းပါစေ။

ဂရင်းနစ်ဥယျာဉ်ကိုဖြတ်ပြီး the National Maritime Museum ဘက်ကို သွားခဲ့တယ်။ ပြတိုက်က ပိတ်နေပြီ။ အချိန်က နှောင်းနေပြီကိုး။ ပြတိုက်အနီးမှာရှိ ကင်းဝီလျံလမ်းပေါ်ကနေ the Old Royal Naval College ဘေးကပတ်လို့ (Cutty Sark) ကတ်တီ ဆာခ်ကိုရောက်ခဲ့တယ်။ ကတ်တီဆာခ်ကလည်း ဂရင်းနစ်ရဲ့ ထင်ရှားတဲ့နေရာတစ်ခု။ ၁၈၆၉ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ ကုန်သည်သင်္ဘောတစ်စင်း။ တရုတ်လဘက်ခြောက်ကုန်သွယ်လမ်းကြောင်းမှာ ပြေးဆွဲခဲ့တယ်လို့ဆိုတယ်။ နောက်ပိုင်းမှာ အပြိုင်သင်္ဘောအဖြစ်လည်း အသုံးပြုခဲ့ပါတယ်တဲ့။ ကတ်တီဆာခ်မှာက အခြားသောသမိုင်းကြောင်းတွေနဲ့လည်း ပြည့်လျှက်ပါ။ သူ့ခေတ်သူ့ခါကဆိုလျှင်ဖြင့် အမြန်ဆုံးသင်္ဘောဖြစ်ပါတယ်တဲ့။ ၁၉ ရာစုခေတ်မှာ တည်ဆောက်ခဲ့တဲ့ သင်္ဘောတွေထဲမှာ တစ်စင်းတည်းသာ ကျန်တော့တဲ့သင်္ဘောလို့လည်း ဆိုပါတယ်။ သမိုင်းတန်ဖိုးကြီးမားတဲ့ ရတနာတစ်ခုပေါ့။ ကံဆိုးလှစွာပဲ။ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေတဲ့ကြားကပဲ ၂၀၀၇ ခုနှစ် မေလ ၂၁ ရက်နေ့မှာ ကတ်တီဆာက်ဟာ မီးဘေးသင့်ခဲ့ရပါတယ်။

သစ်သားနဲ့ပြုလုပ်ထားတဲ့ အပိုင်းတော်တော်များများကတော့ မီးသင့်ရာမှာပါသွားတယ်လို့ ယူဆရပါတယ်။ မူလပြင်ဆင်နေဆဲအပေါ်မှာ မီးသင့်မှုကြောင့် အပိုကုန်ကျမှု ပေါင် ၅ သန်းကနေ ၁၀ သန်းအထိ စရိတ်ပါ ထပ်ပေါင်းမယ်ဆိုလျှင်ဖြင့် ပေါင်သန်း ၃၅ ကနေ သန်း ၄၀ အထိကုန်ကျမယ်လို့ ခန့်မှန်းပါတယ်တဲ့။ ခုတော့ ပြန်လည်ပြုပြင်နေဆဲမို့ ၁၉ ရာစုခေတ်ကျန် သမီးပျို ကတ်တီဆာက်ကို မမြင်တွေ့နိုင်ခဲ့ပါဘူး။ အမိုးအကာအောက်မှာ သူမရဲ့ဒဏ်ရာဒဏ်ချက်တွေကို ကုစားရင်း အနားယူနေလေရှာရဲ့။ ရှေးဟောင်း သင်္ဘောအိုငယ်တစင်းအတွက် ခုလိုမီလျံသန်းပေါင်းများစွာ အကုန်ကျခံကာ ပြန်လည်ပြင်ဆင်နေခြင်းဟာ သမိုင်းတန်ဖိုးနဲ့ အင်္ဂလိပ်ဂုဏ်သိက္ခာအတွက်ပဲ ဖြစ်မှာပါလို့ ဖြည့်ဆည်းပြီး တွေးထင်မိပါတယ်။ သမိုင်းဆိုတာ ဖျောက်ဖျက်ကောင်းတဲ့အရာမျိုးမှ မဟုတ်တာ။ ချစ်ခြင်းမုန်းခြင်း တရားတွေနဲ့ လိုသလိုလှည့်စား ပြောင်းလွဲလို့ သင့်တော်တာမျိုးမှ မဟုတ်တာ။ သမိုင်းကိုတန်ဖိုးထားကာ ထိမ်းသိမ်းတတ်ခြင်းဟာ အင်္ဂလိပ်တွေရဲ့ ချစ်စရာကောင်းတဲ့ အလေ့အလာတစ်ခုပါ။ ဒါမျိုးဆိုတာ အတုယူလေးစားစရာလည်းဖြစ်ပါတယ်။




ငယ်စဉ်က ကမ္ဘာ့သမိုင်းကိုသင်ယူခဲ့ရရာမှာ ဘာဖြစ်လို့ ခုလိုကောင်းမွန်တဲ့အမူ အကျင့်တွေကို သင်ယူခွင့် မရနိုင်ခဲ့တာလဲလို့လည်း စဉ်းစားမိပါသေးတယ်။ မကောင်းတာတွေကို ထောက်ပြဝေဖန်တတ်တဲ့ ကိုယ်တို့အနေနဲ့ ကောင်းတာတွေကို ဖော်ထုတ်ချီးကျူးမှုဖက်မှာ အလွန်ပဲအားနည်းနေသလားလို့လဲ တဆက်တည်း တွေးမိပါသေးတယ်။ အလေ့အကျင့်ကောင်းတွေဆိုတာက တဖြေးဖြေးပျိုးထောင်ပေးမှ ရှင်သန်ဖွံ့ထွားတတ်တာမျိုးပါ။ တကယ်တော့ ကိုယ်တို့ဆီမှာလည်း သက်ရှိသက်မဲ့ ဂုဏ်ပြုမှတ်တမ်းတင်ဖွယ်တွေ၊ မြတ်နိုးတန်ဖိုးထားကာ ထိမ်းသိမ်းစောင့်ရှောက်ရမယ့်အရာတွေတော့ အများသားပါ။ သို့ပေမယ့် ကိုယ်တို့က ဒီဘက်မှာ သိသိသာသာပဲ အားနည်းလွန်းလှပါတယ်။ ရှေးကျလွန်းလို့ မှတ်တမ်းမရှိတဲ့အရာတွေအတွက် ပညာရှင်တွေက Prehistory လို့ ရေးထိုးကြတယ်။ တစ်နည်းဆိုရလျှင် မယဉ်ကျေးသေးတဲ့လူသားတွေလို့ ဆိုလိုရာလည်း ရောက်ပါတယ်။ ဒီတော့ မှတ်တမ်းတင်ရမည့်အရာကို မှတ်တမ်းတင်ဖို့ ပျက်ကွက်တဲ့ ကိုယ်တို့လူမျိုးတွေက Prehistory လူသားတွေများ ဖြစ်နေပြီလား။ သမိုင်းကို မလေးစားတတ်တဲ့ လူမျိုးဟာ ပစ္စုပ္ပန်ကို ဖန်တီးတည်ဆောက်ရာမှာ သိပ်ပြီးခွန်အားပြည့်လှမယ် မဟုတ်ဘူးရယ်လို့ ကိုယ်ကတော့ လေးနက်စွာပဲ ယုံကြည်နေမိတယ်။ ဒါဟာ ကိုယ့်ရဲ့ ကျဉ်းမြောင်းလှတဲ့ အတွေ့အကြုံကိုသာ အခြေခံတဲ့ ကောက်ချက်ပြုမှုလည်းပဲ ဖြစ်နိုင်ပါတယ်။ ဒါကို သင့်အနေနဲ့ လွတ်လပ်စွာ သဘောမတူနိုင်ခွင့်လည်း ရှိပါတယ်။

ကတ်တီဆာက်ဘေးမှာရှိတဲ့ ရင်ပြင်ကျယ်ပေါ်က ထိုင်ခုံလေးတွေပေါ်မှာ ခဏအနားယူကာထိုင်ခဲ့တယ်။ ရင်ပြင်ပေါ်နဲ့ ရင်ပြင်ဘေးတွေမှာတော့ ပင်လယ်ရေကြောင်းဆိုင်ရာ အထိမ်းအမှတ်သင်္ကေတ ရုပ်တုများကို ထုလုပ်ပြသထားလို့။ ဒီနေရာရပ်ဝန်းလေးဟာ နှစ်ပေါင်းကြာရှည်ကတည်းက တည်ရှိနေတဲ့နေရာလေးလို့ မပြောပဲ သိသာနိုင်လောက်တဲ့ အနေအထားမျိုး ဖန်တီးထားသလိုထင်ရတယ်။ တကယ်တော့ ဒါတွေဟာ တကယ့်ကိုပဲ နှစ်ပေါင်းကြာရှည်နေခဲ့တဲ့ အရာများသာ ဖြစ်တယ်။ နွမ်းညစ်ညစ် သစ်သားရင်ပြင်လေးပေါ်ကဆင်းလို့ ခရီးဆက်ဖို့ ဂရင်းနစ်မြို့လယ်ဆီကို ဦးတည်ခဲ့တယ်။

လမ်းပေါ်ကနေ စိန့်အဲလဖဲ့ဂ်ျ ဘုရားရှိခိုးကျောင်းကြီးကို နောက်ခံထားလို့ မှတ်တမ်းဓာတ်ပုံရိုက်ဖြစ်တယ်။ ခပ်ကျဉ်းကျဉ်းလမ်းကြားကနေ မြင်ရတဲ့မြင်ကွင်းမို့ ဘုရားရှိခိုးကျောင်းကြီးရဲ့ ကြီးမားတဲ့ ဘေးမြင်ကွင်းများကတော့ ဓာတ်ပုံထဲမှာ မပါဝင်နိုင်ဘူးပေါ့။ သို့ပေမယ့် လမ်းကျဉ်းကျဉ်းလေးထဲမှာ ပြေးသွားနေတဲ့ နှစ်ထပ်ဘတ်စကားကြီးရယ်။ လမ်းထောင့်မှာရှိနေတဲ့ ဗြိတိန်ရဲ့ရှေးအကျဆုံး၊ နှစ်ပေါင်းအကြာရှည်ဆုံး ဘရောဝါးအဆောက်အဦကြီးကို နောက်ခံထားလို့ပေါ့။

အမှောင်ကျဖို့ တစစနီးလာတဲ့အချိန်။ ကောင်းကင်မှာလည်း ညိုမှောင်မှောင်တိမ်စတို့က မိုးစက်ပွင့်အလှတွေကို သွန်းချဖို့ တာစူနေသည့်အလား။ အုပ်ဆိုင်းကာ ဝိုင်းလို့လာလေပြီ။ သိမ်းမြစ်ကမ်းဘေး လမ်းလျှောက်သူတို့အတွက် စနစ်တကျဖောက်လုပ်ထားတဲ့ လမ်းလေးပေါ်မှာလည်း တစ်ယောက်စ နှစ်ယောက်စသာလျှင် တွေ့ရတော့တယ်။ သိမ်းမြစ်ပြင်ကနေဖြတ်တိုက်လာတဲ့ အေးမြမြလေပြေလေးက မကြာမီ ကျရောက်လာတော့မယ့် မိုးသက်နံ့လေးတွေကို သယ်ဆောင်လို့ ရာဇဝင်ထဲက ပင်လယ်ဆိပ်ကမ်းငယ်တစ်ခုရဲ့ နေဝင်စအလှကို ကုလားကာချဖို့ သက်ဝင်လှုပ်ရှားစ ညကို နိုးထစေခဲ့ပြီ။

တပြိုင်တည်းမှာပဲ အမှောင်ထုကိုဖြိုခွင်းဖို့ ဗစ်တိုးရီးယားခေတ်နွယ် ဓာတ်မီးတိုင်ဟောင်းများဆီကနေ ဝါကျင်ကျင်မီးရောင်စလေးတွေကလည်း လင်းလက်တောက်ပလာပြီပေါ့။ အနက်ရောင်အင်္ကျီရှည်ကြီးကိုဝတ်လို့ ခေါင်းမှာလည်း ဆယ့်ရှစ်ရာစု ပင်လယ်ဓားပြ ဦးထုပ်ကြီးတစ်လုံးကိုဆောင်းကာ မျက်နှာတပြင်လုံး အမွေးတွေဖုံးအုပ်နေတဲ့ မုတ်ဆိတ်ရှည်ရှည် ဂလန်ဂလား အင်္ဂလိပ်အဘိုးအိုကြီးတစ်ယောက်က သူ့လိုပဲ ရုပ်ဆိုးဆိုး ခွေးအိုကြီးတစ်ကောင်ကို လက်မှာဆွဲလို့ အမှောင်ကမ္ဘာထဲကနေ ရုတ်တရက်ပေါ်လာပြီး ကိုယ့်အနားကနေဖြတ်သွားလေရဲ့။ လူသူကင်းစ ဒီဆိပ်ကမ်းငယ်မှာ ဒီလူကြီးဘယ်ဆီကိုများ သွားနေတာပါလိမ့်။ ရာဇဝင်ထဲက တံငါရွာတစ်ခုဆီသို့များလား။

အမှောင်ရိပ်အောက်မှာ တဖြေးဖြေးကွယ်ပျောက်တော့မယ့် ဂရင်းနစ်မြို့လေးရဲ့အလှကို နှမြောတသစွာဖေးရင်း ကိုယ်လာရာလမ်းဆီကိုပြန်ဖို့ ခြေလှမ်းစခဲ့တယ်။ ကိုယ့်ရင်တွင်းမြစ်ငယ်ပြင်မှာတော့ မကြာမီအချိန်ပိုင်းလေးများအတွင်းဆီကမှ တွေ့ခဲ့ရတဲ့ ဂရင်းနစ်ရဲ့ စွဲမက်ဖွယ်အလှ လှေငယ်လေးတွေက လှုပ်ရှားကာ ကူးခတ်နေဆဲ။ ဂရင်းနစ်ဆိုတာ ဘာလဲလို့ စကားတစ်ခွန်းနဲ့ပြောရလျှင်တော့ ဂရင်းနစ်ဆိုတာ ‘ကိုယ့်ကိုရှေးဟောင်းဒေသတစ်ခုကို တိတ်ဆိတ်စွာ ခေါ်ဆောင်သွားနိုင်ခဲ့တဲ့ ရာဇဝင်ပုံပြင်ဟောင်းထဲက မျက်လှည့်ဆရာတစ်ဦးရဲ့ ရွာငယ်လေးဖြစ်ပါတယ်’ ဆိုတဲ့ စကားပဲ ဖြစ်မှာပါ။

ဂရင်းနစ်က အပြန်လမ်းမှာတော့ လမ်းဘေးရှိ မီလီနီယံဒုန်း (The O2) အဆောက်အဦကြီးဆီကို ခဏဝင်ရောက်ကြည့်ရှုဖို့ ကားကိုဒုန်းဘက် ဦးတည်ခဲ့တယ်။ ဒီဒုန်းကြီးကလည်း အင်္ဂလန်ခေတ်သစ်သမိုင်းမှာ ငြင်းခုံစရာများစွာနဲ့ တည်ဆောက်ခဲ့ရတဲ့ အဆောက်အဦတစ်ခု။ ကမ္ဘာ့လှည့်ခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်လာစေဖို့ ရည်ရွယ်ခဲ့ပေမယ့် မျှော်လင့်သလို မဖြစ်ခဲ့တာကြောင့် ငွေကြေးအခက်အခဲတွေနဲ့ ကြုံခဲ့တယ်လို့လည်း မှတ်သားရ။ ဂရင်းနစ်ရဲ့ သမိုင်းဝင်နယ်မြေမှာ ခေတ်သစ်ဗိသုကာလက်ရာတစ်ခုအဖြစ် မှတ်တမ်းတင်ရမည့် အဆောက်အဦးတစ်ခုဆိုတာ အဝေးကနေမြင်ရုံနဲ့ သတိပြုမိလောက်တဲ့အရာပါ။ နောင်နှစ်ပေါင်းကြာလာတဲ့အခါမှာ သူလည်း အိမ်နီးနားချင်း သူငယ်ချင်းတွေလို ဂန္ထဝင် ဝင်လာဦးလေမလား။ သေချာတာကတော့ ၂၀၁၂ မှာပြုလုပ်မယ့် လန်ဒန်အိုလံပစ်ပွဲတော်ကျင်းပရာဒေသရဲ့ အစိတ်အပိုင်းတစ်ခုမို့ မီလီနီယံဒုန်းကြီးဟာ ကမ္ဘာသူကမ္ဘာသားများရဲ့ မြင်ကွင်းမှာ ထင်ရှားတဲ့ အမှတ်အသားတစ်ခုအနေ ပေါ်လာဦးမှာ မလွဲပါဘူး။

ဒုန်းကြီးရဲ့ဂိတ်ဝအထိရောက်ခဲ့ပေမယ့် ကားပတ်ကင်အတွင်း ဝင်ရောက်ခွင့် မရခဲ့။ ဒီညမှာ အမေရိကက ပေါ့အဆိုတော် ဘရစ်တနီစပီးယားရဲ့ ရှိုးရှိတဲ့အတွက် ကားပါကင်တွေကို ပိတ်ထားတာပါတဲ့။ ဒီလိုဆိုတော့ ဂရင်းနစ်ဆိုတဲ့ ဂန္ထဝင်ဒေသမှာ ဒီညအဖို့ မော်ဒန်အလှတွေနဲ့ ပြည့်လျှမ်းလို့ နေဦးမှာပေါ့။ ခေတ်ဟောင်းခေတ်သစ် မတူမှုနှစ်ခု ပေါင်းစပ်ထားတဲ့ လန်ဒန်ညက ဘယ်လိုပုံစံများ ဖြစ်လေမလဲ။ အင်း။ အတွေ့အကြုံကို အခြေခံလို့ စဉ်းစားဖို့ဆိုတာကလဲ ဒါမျိုးက ကိုယ့်ဘဝအခြေအနေနဲ့ဆို အလွန့်အလွန်မှ အလှန်းကွာဝေးလွန်းလှတဲ့ အရာမျိုးမို့ အမှန်ရဖို့ ဘယ်လိုမှ နီးစပ်နိုင်မယ် မဟုတ်ပေဘူးကလား။ ကဲ၊ လာ၊ ဒီမှာခဏ နားကြမယ်လေ။



The millennium Dome (the O2)